# ပန်းပွင့်တွေသီချင်းမဆိုတတ်ဘူး

လေဟာဖြည်းဖြည်းလေးတိုက်နေတယ်
သစ်ရွက်ကလေးတွေမြေပေါ်ခုန်ဆင်းသွားကြပြီးတဲ့နောက်
ငါဟာ ငါမဟုတ်ဘူးဆိုတာ သိခဲ့ရတယ်
မင်းဟာ ငါမဟုတ်ဘူးဆိုတာကိုလည်း သိခဲ့ရတယ်
ငါဘာမှမတတ်နိုင်ဘူးဆိုတာလည်းငါသိနေသလိုပါပဲ
နှလုံးသားဟာ သိမ်ငယ်ဝမ်းနည်းနေတဲ့အခါ
ပြတင်းတံခါးလေးဖွင့် အိမ်အပြင်ငေးနေမလား
ဒီလိုပါပဲ
အစောပိုင်းနေ့ရက်တွေတုန်းက
ဆောင်းရာသီဟာ
ညှို့ခန်းထဲရောက်လာပေမယ့်
ပြန်ထွက်သွားခဲ့တာပါပဲ
နောက်ပြီးတော့
နွေရာသီဟာရောက်လာဦးမှာပဲ
ပြီးတော့လည်း....
နတ်သမီးရယ်
ငါတို့ကွေ့ကောက်နေတဲ့
လမ်းကျဉ်းကလေးတွေမှာ
ကွေကောက်စွာလျှောက်ခဲ့ကြဖူးတယ်ဆိုတာ
မေ့မပစ်လိုက်ပါနဲ့
တကယ်ဆို
သစ်ရွက်ကလေးကြွေတာမြင်ရင်လွမ်းမိမယ်
တစ်ယောက်ကတစ်ယောက်ကို
တစ်ယောက်ကိုတစ်ယောက်က
သတိရရင် စာလေးတစ်စောင်လောက်တော့
ရေးသင့်တာပေါ့ ။ ။

People 2008